၂၀၀၇ ခုနှစ်အတွက် ဒုက္ခသည်တွေအဖြစ်နဲ့ ဂျပန်နိုင်ငံမှာနေထိုင်ခွင့် ရခဲ့သူတွေကို ကြည့်ရင် အများစုဟာ မြန်မာနိုင်ငံသားတွေဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှာ ဒုက္ခသည်အဖြစ်နဲ့ နေထိုင်ခွင့်ရဖို့ လျှောက်ထားခဲ့ကြသူ နိုင်ငံခြားသား ၈၁၆ ယောက်အနက် ၁၂၉ ယောက်ကို တရားဝင် နေထိုင်ခွင့်ပေးခဲ့ကြောင်း၊ ဂျပန်တရားရေးဝန်ကြီးဌာနက ပြီးခဲ့တဲ့အပတ်အတွင်း စာရင်းထုတ်ပြန် ခဲ့ပါတယ်။

အဲဒီ ၁၂၉ ယောက်ထဲကမှ အများစုဟာ မြန်မာနိုင်ငံသားတွေဖြစ်ကြောင်း သိရှိရပါတယ်။

ဂျပန်တရားရေးဝန်ကြီးဌာနရဲ့ စာရင်းဇယားအရဆိုရင် Refugee လို့ခေါ်တဲ့ ဒုက္ခသည်အဆင့်အတွက်၊ ၂၀၀၇ ခုနှစ်အတွင်းမှာ ဂျပန် အစိုးရက အသိမှတ်ပြုပေးခဲ့သူ နိုင်ငံခြားသား ၄၁ ဦးရှိပြီး အဲဒီထဲက ၃၅ ဦးဟာ မြန်မာနိုင်ငံသားတွေဖြစ်ပါတယ်။ ဒါဟာ ဒုက္ခသည်အဖြစ် အသိမှတ်အပြုခံရသူ နိုင်ငံခြားသားစုစုပေါင်းရဲ့ ၈၅ ရာခိုင်နှုန်းလောက် ရှိပါတယ်။

ဒါ့အပြင် ဒုက္ခသည်အဆင့်အဖြစ် အသိအမှတ်မပြုနိုင်ပေမယ့် လူသားချင်း စာနာတဲ့ ရှုထောင့်အရ၊ ဂျပန်မှာ အထူးနေထိုင်ခွင့်ပေးလိုက်သူ နိုင်ငံခြားသား ၈၈ ဦး အနက် ၆၉ ဦးဟာလည်း မြန်မာနိုင်ငံသားတွေပဲ ဖြစ်နေတာမို့ ၈၀ ရာခိုင်နှုန်း နီးပါးရှိတာ တွေ့ရပါတယ်။

အခြားနိုင်ငံခြားသားတွေထက်စာရင် မြန်မာနိုင်ငံသားတွေကို ဂျပန်အစိုးရက အခုလိုပိုပြီးနေထိုင်ခွင့် ပေးနေတဲ့အပေါ် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသူတဦးက အခုလိုမြင်ပါတယ် ။

**ကိုသောင်းမြင့်ဦး။** ။ "အခုဂျပန်က မြန်မာနိုင်ငံကို စစ်တပ်က အုပ်ချုပ်ပြီးတော့ မြန်မာပြည်တွင်းမှာ နေ့တဓူဝ ဒုက္ခကြီးကျယ်စွာ ရင်ဆိုင်နေရတယ်ဆိုတာကို သူတို့သိတယ်။ နောက်မြန်မာပြည်ရဲ့ နိုင်ငံရေးပြဿနာကြောင့် စီးပွားရေးတွေ၊ လူမှုရေးတွေ ကျန်တဲ့အကုန်လုံး အကျပ်အတည်းတွေ ဖြစ်ပြီးတော့ မြန်မာလူမျိုးတွေ ဒီလိုဒုက္ခတွေ ရင်ဆိုင်နေရတယ်ဆိုတာကိုလည်း သူတို့ကောင်းကောင်း သိတယ်။ အဲဒါကြောင့် မြန်မာလူမျိုးတွေဟာ တကယ်ဒုက္ခရောက်တယ်ဆိုတာ သူတို့သိလို့ ပေးတယ်ဆိုတာ ကျနော်ကယူဆတယ်။"

အဲန်အယ်လ်ဒီ (လွတ်မြောက်နယ်မြေ ဂျပန်ဌာနခွဲ) အတွင်းရေးမှူး ကိုသောင်းမြင့်ဦး ပြောပြသွားတာပါ။

ဒါပေမယ့် ဂျပန်တရားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ ၂၀၀၇ ခုနှစ် စာရင်းကိုပြန်ကြည့်ရင် ဒုက္ခသည်အဖြစ် နေထိုင်ခွင့်လျှောက်ခဲ့တဲ့ နိုင်ငံခြားသား အရေအတွက်ရဲ့ ၁၆ ရာခိုင်နှုန်း နီးပါးသာ တရားဝင်နေထိုင်ခွင့်ပေးခဲ့တာ တွေ့ရပါတယ်။

ဂျပန်နိုင်ငံမှာ ဒုက္ခသည်အဖြစ် နေထိုင်ခွင့်လျှောက်ထားရင်း ဂျပန် လဝက ထိမ်းသိမ်းရေး စခန်းမှာ ၃ နှစ်ခွဲ နီးပါးကြာ အဖမ်းဆီးခံခဲ့ရပြီး၊ ခုချိန်ထိလည်း တရားဝင်နေထိုင်ခွင့် မရသေးသူတဦးက ဂျပန်တရားရေးဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်တွေအပေါ် ခုလိုရှုမြင်ပါတယ်။

**နေထိုင်ခွင့်မရသေးသူတဦး။** ။ "သူတို့ရဲ့မူဝါဒက ဒီနိုင်ငံမှာ နိုင်ငံခြားသားကို လက်မခံချင်ဘူး။ Refugee ကို လက်ခံတဲ့အနေအထားက အရမ်းနဲတယ်ဗျ။ ကျနော်တို့ကနိုင်ငံရေး ဒုက္ခသည်အဖြစ် အသိအမှတ်ပြုဖို့တောင်းဆိုတယ်၊ အခုအချိန်အထိ ကျနော်တို့ကို လက်မခံဘူး၊ သူတို့က တရားရေးနဲ့ ပတ်သက်ပြီး ရင်ဆိုင်ဖို့ပြောတယ်။ ဒါပေမဲ့ ကျနော်တို့ဘာမဟုတ်တဲ့ နိုင်ငံခြားသားတယောက်က ဂျပန်နိုင်ငံအစိုးရနဲ့ တရားရင်ဆိုင်ဖို့ဆိုတာ ဘယ်သူနိုင်မလဲဆိုတာ ဘယ်လိုပဲစဉ်းစားစဉ်းစား ဘယ်လိုမှမဖြစ်နိုင်တဲ့ အရာတခုပဲ အဲဒီအတွက်ကြောင့် ကျနော်တို့ကတော့ ကိုယ်လုပ်စရာရှိတာကို လုပ်နေကြမှာပဲ။"

အနောက်နိုင်ငံတွေထက်စာရင် ဒုက္ခသည်လက်ခံမှု နည်းနေလို့ နိုင်ငံတကာရဲ့ ဝေဖန်ခြင်း ခံနေရတဲ့ ဂျပန်နိုင်ငံဟာ ထိုင်းမြန်မာနယ်စပ် ဒုက္ခသည်စခန်းတွေထဲက ဒုက္ခသည်တချို့ကို လာမယ့် ၂၀၀၉ ခုနှစ်ထဲမှာ ဂျပန်ကို ခေါ်ယူဖို့စဉ်းစားနေကြောင်း ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း အာအက်ဖ်အေကို ပြောကြားခဲ့ပါတယ်။

